
မုံရာလျှန်းဝေ
ဝေဒနာလမ်းလေးမခင်းနဲ့နော်

# အခန်း(၁)

သီတာ သဘော်ဆိပ် သို့နံပါတ်အနီအငှား လေးဘီးလေး တစ်စီးထိုး ရပ်လိုက်သည်။ လေးဘီးစလုံး အလည်ရပ်သွားသည်နှင့် ကားရှေ့ခန်းတံခါးပွင့်လာသည်။

ကားထဲမှ ပထမဦးဆုံးထွက်လာသည်က ဖြူဝင်းနုညက်နေသော ခြေဖမိုးလေးတစ်ဘက်။ လှပသောခြေထောက်မှာနီရဲရဲကတ္တီပါခင်းကတ္တီပါကြိုးနှင့် ဖိနပ်နှင့် ပနံရလွန်းလှသည်။

ဟော… ကားပေါ်ကခြေထောက်အစုံလမ်းပေါ် စုံရပ်လိုက်တော် တစ်ကိုယ်လုံးကိုပေါ်ပေါ် ထင်ထင်ကြီး တွေ့ရပါတော့သည်။ တစ်ကိုယ်လုံး ရဲရဲတောက်နေသည့် အလှဘုရင့်မလေးကို လူတစ်ယောက်ကစူးစူး စိုက်စိုက်ကြည့်နေသည်။ ထိုသူက ဇောတံတားပေါ်တွင် ရပ်ပြီးကြည့်နေခြင်းပါ။

တစ်ကိုယ်လုံးနီရဲစွာဝတ်ဆင်ထားသော အသက်အစိတ်ခန့် မိန်းကလေး၏ ပြင်ဆင်မှုမှာ ခေတ်နှင့် တစ်ပြေးတည်း။ ရှေ့မှကောက်ထားသော ဆံပင်ပန့်ကေက ခွေခွေခေါက်ခေါက် နှင့် ငှက်သိုက်လေးလို ဖြစ်နေသည်။ နောက်ကကုပ်ဂဲ ဆံပင်လေးကအတွင်းသို့ ကုပ်ထား၍ ခုံးခုံး ဝိုင်းဝိုင်း ကလေးနှင့် ချစ်စရာ။

အနီရောင်ကြိုးဇာကိုပန်းဖောင်း၊ လက်ဖောင်း၊

ကိုယ်ထည်ပွပွကိုခါးမှာရှေ့ခါးပတ်နှင့် စု၍ စည်းထားသည်။ သေးကျဉ်သောခါး၏ အလှကပေါ်လွင့်နေသည်။

ဘီဘဲလ်အကွက် လုံချည်နီနီကိုခြေသလုံး အလယ်နားလောက်ထိတိုတို ဝတ်ထားသည်။ ခြေမျက်စီအပေါ်ပိုင်း ကနှစ်ဆယ်ရာစုခေတ်လွန်း သမီးပီသနေသော်လည်း စီးထားသောဖိနပ် က လေဒီရှူး ဒေါက်ဖိနပ် မဟုတ်ဘဲဘိုးတော်ဘုရား လက်ထက်ကတည်း ကရေပန်းစားခဲ့တဲ့ ကတ္တီ ပါဖိနပ်။

မိန်းမချောကလေးကိုခြေဖျားမှ ခေါင်းအထိ ကြည့်ပြီးလူငယ်က ပခုံးတွန့်လိုက်သည်။ ထွင် လဲ ထွင်တယ်ပါပေကွာ ဟုမှတ်ချက်ချလိုက်သည်။ ထိုမှတ်ချက်နှင့်အတူသူ၏ အသည်းလေး တဖျပ်ဖျပ် ခါအောင် တုန်သွားတာကိုမသိကျိုးကျွန် ပြုလိုက်သည်။

ကားခကိုရှင်းပြီးမိန်းမလှလေးသူ့ရှေ့က ဖြတ်ပြီးဆိပ်ခံဖောဘက်သို့ သွားသည်။ ကိုယ်သင်းနံ့နှင့် ရောနေသောရှယ်နယ် ရေမွှေးနံ့ကသူ၏ နှာခေါင်းကိုကလူကျီးစက်သွားသည်။

လုပ်လီလုပ်လဲ့နှင့် ယမ်းခါသွားသောကိုယ်လုံးလေးနောက်သို့ သူ၏ မျက်လုံးများက တကောက်ကောက်ပါသွားသည်။ သီတာသဘော်ကဖောတံတားကိုကပ် ထားသည်။ လိုက်ပါမည့် ခရီးသည်တွေ့တဖွဲဖွဲတက်နေသည်။ မိန်းကလေးကမတက်သေး။ ဟိုကြည့်သည်ကြည့်နှင့် တစ်ယောက်ကိုမျှော်နေဟန်ပေါ်လွင်နေသည်။

သဒ္ဒါကြည်ဖြူကို မျက်လုံးကျွတ် မတက်ငေး နေမိသောမင်းခန့်ဆိုတဲ့ သူ၏ ရင်ထဲမှာ စိုးရိမ်စိတ်တွေ လျှံသွားသည်။

"သူရည်းစားကိုမျှော်နေတာမဖြစ်ပါစေနဲ့ ဘုရား၊ လွတ်လပ်တဲ့ သူလေးဖြစ်ပါစေ"

မဆီမဆိုင် လောဘတွေ

တအားကြီးပြီးအားမနားတမ်းဘုရားထံမှာဆုတောင်းလိုက်သည်။

“ဟွန်း . . . ဘယ်လိုဟာတွေလဲ၊ သင်္ဘောဖြင့် ထွက်တော့မယ်၊ မရောက်ကြသေးဘူး”

သဒ္ဒါကြည်ဖြူက နှုတ်ခမ်းစူပြီးအတွေးတွေနှင့် ဒေါသတွေ လှိုင်နေသည်။ သူငယ်ချင်းများ၏ ချိန်ဆိုချက်ကြောင့်သူမ လာခဲ့ပါသည်။ သို့သော် ချိန်ထားသောသူတွေကမလာ သေးတော့ ဒေါကန်သည်ပေါ့။

“အချိန်မတိကျတဲ့ဟာတွေ လာပစေ၊ ကောင်းကောင်းကောပစ်မယ်”

လာလမ်းကိုလည်းတဆန့်ဆန့်နှင့် မျှော်ပြီးရင်ထဲမှာ ရန်ထောင်ရန် စဉ်းစားထားသည်။

“သို့သော် . . .”

“ဟော . . . သင်္ဘောတောင် ထွက်တော့မယ်၊ မလာကြသေးဘူး”

တံတားဆိပ် ကားဆိုက်ရာနေရာသို့ တစ်ချက်လှမ်းကြည့်သည်။

“မလာဘဲနေကြ၊ ငါ့ဘာသာတစ်ယောက်တည်းသွားမယ်”

ဆုံးဖြတ်ချက်နှင့်အတူ သီတာသင်္ဘောပေါ်သို့ တက်ခဲ့သည်။ သန်လျင်သို့ သွားရောက် လည်ပတ်ရန် သူငယ်ချင်းများနှင့် ချိန်ထားခဲ့သည်။ အချိန်မတိကျသောသူငယ်ချင်းတွေကိုဒေါပွပြီး သန်လျင်ကိုတစ်ယောက်တည်းသွားရန်ဆုံးဖြတ်လိုက်သည်။

“တစ်နယ်တစ်ကျေးသွားတာမှ မဟုတ်ဘဲကြောက်စရာမလိုပါဘူး၊ ငါ့လိုပဲဘုရားဖူးသူတွေ သင်္ဘောပေါ်မှာပြည့်လို့၊ သူတို့ကိုအဖော်လုပ်ပြီးသွားလဲရတာပဲ”

ကြောက်ရွံ့မိသည့် စိတ်ကိုတစ်ဖွတ်ထိုးစိတ်နှင့် အစားထိုးလိုက်သည်။

* *

# အခန်း (၂)

သဒ္ဒါကြည်ဖြူသည် သီတာကူးတို့သင်္ဘောအောက်ထပ်မှ အပေါ်ထပ်သို့ တက်ခဲ့သည်။ ခုံများတွင် မထိုင်ဘဲသင်္ဘော၏ ဘေးလက်ရန်များကာထားရာသို့ လျှောက်ခဲ့သည်။ သံလက်ရန်းလေးမှာ မှီပြီးရပ်နေသည်။ တဖြည်းဖြည်းသင်္ဘောကဆိုက်ကပ်ထားသောဖောက်တံတားမှ ခွာသည်။

မလာတော့တာ သေချာသောသူငယ်ချင်းများကိုမမျှော်တော့ပါ။ စိတ်ကိုလျှော့ထားပြီး၊ ခပ်အေးအေးပင်တစ်ယောက်တည်း ဘုရားတွေဖူးရန် ဆုံးဖြတ်လိုက်သည်။

သီတာသင်္ဘောကြီးကတဖြည်းဖြည်း မြစ်လယ်သို့ရွေ့ရှု သွားနေသည်။ သင်္ဘောပေါ်တွင် ကလေးသံ၊ လူကြီးသံ၊ ရယ်သံ၊ ငိုသံ၊ နားကိုပူနေအောင် ကြေညာနေသောဆေးကြော်ငြာသံတို့က ညံစီဝေဆာနေသည်။ ဒါတွေကိုအားလုံးကျောခိုင်းပြီး သဒ္ဒါကြည်ဖြူက မြစ်ပြင်သို့ ငေးနေသည်။ လူ့အနီးလက်တစ်ကမ်း မှာလူတစ်ယောက်က သူ့ကိုစူးစူးစိုက်စိုက် ကြည့်နေသည်ကိုသတိမထားမိပါ။

သဒ္ဒါကြည်ဖြူ၏ လက်ထဲမှ လက်ကိုင်ပဝါ ဖြူဖြူလေးရုတ်တရက် လက်မှလွတ်သွားသည်။

"ဟာ . . ."

လက်ကိုင်ပဝါလေးက လွင့်ပြီးရေထဲသို့မကျ။ သူ၏ ဘက်သို့ လွင့်လာသော လက်ကိုင်ပဝါ ဖြူဖြူလေးကိုမင်းကဖျက်ခနဲဖမ်းယူလိုက်သည်။ လျင်လိုက်သည့် ဖြစ်ခြင်း။ လက်ကိုင်ပဝါနောက်သို့ လိုက်မိသောသဒ္ဒါကြည်ဖြူ၏ မျက်ဝန်းနက်နက်ကလေးက မင်းခန့်၏ မျက်ဝန်းညိုညိုနှင့် တိုက် ရိုက်တိုးနေသည်။

မျက်ဝန်းညိုညိုမှာ အပြုံးတွေ လဲ့နေတာကိုတွေ့ရသည်။ သင်းပျံ့သော ပဝါဖြူကို မင်းခန့်က သဒ္ဒါကြည်ဖြူကိုလှမ်းပေးလိုက်သည်။

"ရေထဲမကျတာတော်သေးရဲ့နော်"

"ကျေးဇူး . . ."

သဒ္ဒါကြည်ဖြူ၏ မျက်ဝန်းမှာပါ အပြုံးရိပ်တွေလူးလာသည်။ မင်းခန့်ကိုကျေးဇူးတင်စကားလေး ပြောလိုက်သည်။ ဆံစတွေရော အဝတ်အစားတွေပါ လွင့်လူးနေသောမိန်းမလှလေးကိုမင်းခန့်က ချိုအီးအောင် ပြုံးကြည့်သည်။

"သန်လျင်ကိုအလည် သွားမလို့လား"

"ဟုတ် . . ."

"ကျွန်တော်ကတစ်ခါမှ မရောက်ဖူးလို့ ဘုရားဖူးထွက်ခဲ့တာ . . ."

"တစ်ယောက်တည်းလား"

"ဟုတ်တယ် . . ."

သင်္ဘောနောက်သို့ စင်ရော်လေးတွေက တပဲပဲနှင့်လိုက်နေကြသည်။ သဒ္ဒါကြည်ဖြူက စာကလေးခွေ တစ်ကျပ်ဖိုးဝယ်ပြီးစင်ရော်လေးတွေကိုကျွေးသည်။

"ရော့ . . . ဖမ်းလေကွာ . . ."

စာလေးခွေ အပိုင်းအစကလေးများရေထဲသို့ မကျလိုက်ရ၊ လေထဲမှာပဲစင်ရော်ငှက်ကလေးတွေကမိအောင်ဖမ်းစားသည်။

"လျင်လိုက်တာနော် ရေထဲတောင် မကျလိုက်ရဘူး"

"ဟုတ်တယ်၊ သူတို့ကအမြဲသင်္ဘောနောက် လိုက်ပြီးစားနေကျလေ"

"လူတွေနဲ့ တော်တော်ကိုယဉ်ပါးနေတာပဲနော်"

"ဟုတ်တယ်"

"အခုလိုနံနက်ခင်းမှာစိမ်းလဲ့နေတဲ့ မြစ်ပြင်ရယ်၊ နေရောင် နုနုထွေးထွေးရယ်၊ ဖြူပြာပြာ စင်ရော်ငှက်ကလေးတွေ အားလုံးကသိပ်ကို လှနေတာပဲဗျာ"

"အဟင်း . . ."

ကဗျာဆန်နေသောကိုလူချောကိုရယ်ပြီး၊ သဒ္ဒါကြည်ဖြူက ကြည့်လိုက်သည်။ တီရှယ် အပြာ၊ ဂျင်းဘောင်းဘီးပြာ၊ ဂျင်းဝေ(စ်)ကုတ် အပြာ၊ ဝေါ့ကင်း ရှူးဖိနပ်နှင့် သားရေအိတ် တစ်လုံးကို စလွယ်သိုင်းတားသည့် ကိုလူချောကိုတစ်မိနစ်အတွင်းခေါင်းမှ ခြေထောက်အထိ ကြည့်ပစ် လိုက်သည်။

"မဆိုးဘူး၊ တော်တော်ခေတ်မီတဲ့ လူပဲ"

စိတ်ထဲမှ ကောက်ချက်ချလိုက်သည်။ လေကတိုးနေ၍ ပျော့ပျောင်းသောဆံစများလွင့်နေသည်။ ပြန့်ပြူးသောနဖူးကပေါ်လွင်နေသည်။ မျက်ခုံးထူထူကြီးတွေ ကဆက်လုမယောင်။ ဖြောင့်စင်းသောနှာတံ၊ ပိပြားသောနှုတ်ခမ်းတွေနှင့် ချောမောပြေပြစ်လှသောမင်းခန့်၏ မျက်နှာ ကိုတစ် ချက်စိုက်ခနဲ့ ကြည့်လိုက်သည်။

"ခန့်ချောကြီးပါလား"

ထပ်မံ၍ သဒ္ဒါကြည်ဖြူကောက်ချက် ချလိုက်သည်။ စင်ရော်လေးတွေကို သဒ္ဒါကြည်ဖြူ ဆက်လက်ပြီး အစာကျွေးနေသည်။ ရေပြင်ပေါ်သို့ ပစ်၍ ပစ်၍ ပေးနေသည်။ ဘယ်ဘက်ပခုံးတွင် လွယ်ထားသောစလင်းဘက် ကလေးပခုံးမှ လျှောကျပြီး ကြမ်းပြင်ပေါ်သို့ကျသောသည်။

လျင်မြန်စွာမင်းခန့်က ကောက်ပေးပြန်သည်။ သဒ္ဒါကြည်ဖြူကိုကူညီတာ နှစ်ခါရှိပြီး။

"အပေါင်း . . . သက်သက် ငါ့ကိုသူဂရုစိုက်အောင်လုပ်မိသလို ဖြစ်နေပြီ"

စိတ်ထဲမှ သဒ္ဒါကြည်ဖြူက တွေးလိုက်သည်။

"ကျေးဇူးနော်ကို . . ."

အမည်မသိ၍ မင်းခန့်ကို ဘယ်လိုဆက်ခေါ်ရမည်မှန်းမသိ။ သဒ္ဒါကြည်ဖြူ၏ စကားက အဆုံးမသတ်ဖြစ်သေး။

"ဪ . . . ကျွန်တော့်နာမည်က မင်းခန့်၊ အပေါင်းပါ"

မင်းခန့်က မျက်လုံးလေးပြူးကြောင်ကြောင် ဖြစ်နေသော သဒ္ဒါကြည်ဖြူက ချိုအီနေအောင် ပြုံးပြီး ပြောလိုက်သည်။ သည်လို နှစ်လိုဖွယ် ပြုံးလိုက်တော့အလှတွင် စွဲမက်စရာလေးတွေပါ စွက်နေသည်။ သူမ၏ စကားကို နားမလည်ဘဲ မင်းခန့် အူကြောင်ကြောင်ဖြင့် မေးသည်။

"ဟင် . . . တစ်မျိုးကြီးပါလား"

တွေ့ရတာ ဝမ်းသာပါတယ်၊ သိရတာ ဝမ်းသာပါတယ်ဆိုတဲ့စကားကို မကြားရဘဲ တွေ့ရတာ ကျေးဇူးပါပဲဆို၍ အူကြောင်ကြောင် ဖြစ်လည်း ဖြစ်စရာပါ။

မင်းခန့်၏ တည်ကြည်ချောမွေ့သော မျက်နှာကို သဒ္ဒါကြည်ဖြူက တစ်ချက်ကြည့်လိုက်ပြီး ဖြူတန်းနေသော သွားလေးတွေပေါ်အောင် ပြုံးလိုက်သည်။

"ဪ . . . စတွေ့ကတည်းက ကျေးဇူးတွေ တင်နေရလို့လေ၊ ခုလို ပြောလိုက်တာပါ"

"ဟာဗျာ"

မင်းခန့်က ရွှတ်နောက်နောက် သဒ္ဒါကြည်ဖြူကို ကြည့်ပြီး သူပါရောရ၍ ပြုံးလိုက်သည်။

"ဒါနဲ့ သူ့နာမည်ကော . . ."

“သဒ္ဒါကြည်ဖြူပါ”

မင်းခန့်က သဒ္ဒါကြည်ဖြူ၏ မျက်နှာ လှလှလေးကို ဝေးခန့်ကြည့်ပြီး . . .

“အလွန် သန့်ရှင်း မွန်မြတ်တဲ့ နာမည်လေးပါလား၊ လူနဲ့လဲ လိုက်ဖက်ပါတယ်”

“ကိုမင်းခန့်က သဒ္ဒါကို ဇွတ် အထင်ကြီးနေတာကိုး”

“သဒ္ဒါကြည်ဖြူက စိတ်ကောင်းရှိတာ မျက်နှာမှာပေါ်လွင်နေပါတယ်”

“ဟာ လုပ်လိုက်ပြန်ပြီ၊ သဒ္ဒါအကြောင်းဖြင့် မသိသေးဘဲနဲ့”

သဒ္ဒါကြည်ဖြူက ပင်ကိုသံ ချိုနွဲ့နွဲ့ကလေးနှင့် ပြောလိုက်သည်။

“အပွေး မြင်ရင် အပင် သိပါတယ်၊ သဒ္ဒါကြည်ဖြူဟာ စိတ်ထားဖြူစင်မယ့် မိန်းကလေးလို့ ကျွန်တော်ထင်ပြီးသားပါ”

“ဟား . . .ဟား ကိုမင်းခန့်က ရယ်ရတယ်”

သဒ္ဒါကြည်ဖြူက ခေတ်စကားလေးတွေနှင့် မင်းခန့်ကိုလှောင်နေပါသည်။

“ဒါနဲ့ အခု တစ်ယောက်တည်းလာတာလား”

“ဟုတ်တယ်”

“ဟင် . . . ဒီလိုပဲ တစ်ယောက်တည်း သွားနေကျလား”

မင်းခန့်က တစ်ယောက်တည်း ဘုရားဖူးထွက်လာသော သဒ္ဒါကြည်ဖြူကို အံ့သြစွာကြည့် ကာ မေးလိုက်သည်။

“ဟာ . . . ဝေးသေး၊ စည်းကမ်းကြီးတဲ့ အမေနဲ့ အစ်မကြားမှာ ကြီးရတာ ၊ ကိုမင်းခန့် ထင်သလို သဒ္ဒါဘဂက မချောင်ဘူး သိလား”

“ဪ . . . ဒါနဲ့ ခုကိစ္စကတော”

“အခုလား . . . သူငယ်ချင်းတွေနဲ့ ချိန်ထားတာ၊ မလာကြဘူးလေ ဒါကြောင့် သူတို့မှတ်လောက်သားလောက်အောင် သင်ခန်းစာပေးဖို့ တစ်ယောက်တည်းထွက်လာတာ”

“ဪမှတ်သားလောက်တဲ့ သင်ခန်းစာကိုး”

မင်းခန့်က ခေါင်းတညိတ်ညိတ်နှင့် မျက်နှာသေလေးဖြင့် ပြောလိုက်သည်။

“ဘာလဲ ကိုမင်းခန့်က သဒ္ဒါကို မပြစ်ပြောချင်လို့လား”

သဒ္ဒါကြည်ဖြူက မာဆတ်ဆတ်လေး မေးလိုက်သည်။ မင်းခန့်က ပျာပျာသလဲ ပြန်ဖြေသည်။

“ဟာ မဟုတ်ရပါဘူး ကျွန်တော်အပြစ် မတင်ချင်ပါဘူး သဒ္ဒါရယ်”

မြစ်ပြင်လေကြမ်းကြမ်းအေးအေးက အဆက်မပြတ်တိုက်ခတ်နေသည်။ သဒ္ဒါကြည်ဖြူ၏ ဆံစများ ကိုးရိုးကားရာ လွင့်နေသည်က ချစ်စရာတစ်မျိုး အသွင်ကို ဆောင်သည်။

နုဖတ်၍ လုပ ကျော့ရှင်းသော သဒ္ဒါကြည်ဖြူ၏ မျက်နှာလေးကို မင်းခန့် ရင်သပ်ရှုမော စူးစူးကြီးကြည့်နေသည်။ အဝေးသို့ လှမ်းငေးနေသော သဒ္ဒါကြည်ဖြူ၏ မျက်ဝန်းလေး ရုတ်တရက် မင်းခန့်ကို လှည့်ကြည့်သည်။ သူမအား စူးစူးစိုက်စိုက်ကြီး ကြည့်နေသော မင်းခန့်ကို တွေ့ရသည်။

မင်းခန့်၏ အကြည့်ကြောင့် သဒ္ဒါကြည်ဖြူ၏ နှလုံးသားလေး တသိမ့်သိမ့် ခုန်သွားသည်။ သဒ္ဒါကြည်ဖြူ ရင်ခုန်ဖူးပါသည်။ ဒါပေမယ့် သည်လို ခုန်နည်းမျိုးက ပထမဦးဆုံးပါ။ သူ့ အကြည့်ကြောင့် ရင်ခွင် တစ်ခုလုံးမှာ နွေးလှိုက်ဖိုသွားသည်။ ဘာလို့များပါလိမ့်ကွယ်။

ပန်းသွေးရောင် မျက်နှာလေးမှ အကြည့်ကို မင်းခန့်က လွှဲလိုက်သည်။ လှမ်းမျှော်ဖူးမြင်နေရသော စေတီတစ်ဆူကို မင်းခန့်က တွေ့ရသည်။

"ဟိုမှာ လှမ်းဖူးမြင်ရတာ ဘာဘုရားလဲ သဒ္ဓါကြည်ဖြူ"

မင်းခန့်က လက်ညှိုး ညွှန်ပြရာသို့သဒ္ဓါကြည်ဖြူ လှမ်းကြည့်လိုက်သည်။

"အဲ့ဒါ ရှင်မွေ့နွံမ်း ဘုရားလေး"

"သြော် . . . ကမ်းနဖူးနားမှာ တည်ထားတာကိုး"

"ကိုမင်းခန့် ရှင်မွေ့နွံမ်းနဲ့ မင်းနန္ဒာတို့ရဲ့ ရာဇဝင်ကို သိလား"

"အလွန်နာမည်ကြီးပြီး ကြေကွဲစရာကောင်းတဲ့ရာဇာဝင်ဇာတ်လမ်းပဲဗျာ သိတာပေါ့"

မင်းခန့်က ရီဝေးသော မျက်ဝန်းတွေနှင့် စေတီကို လှမ်းမျှော်ဖူးနေသည်။

"သဒ္ဓါလေး အဲဒီ ဘုရားကို ရောက်တိုင်း သူတို့ရဲ့အဆွေး ဇာတ်လမ်းလေးကို သတိရပြီး စိတ်ထဲမှာ လှိုက်နေအောင် ဝမ်းနည်းမိတာ အမြဲပဲ သိလား"

"သြော် . . . သဒ္ဓါကြည်ဖြူလဲ ခံစား တတ်လွန်းတယ်ထင်တယ်"

"ဟုတ်တယ်၊ သူတို့ မေတ္တာဇာတ်လမ်းလေးက သိပ်ကိုကြေကွဲစရာ ကောင်းတယ်နော်"

မင်းခန့်မျက်နှာညိုညိုလေးနှင့် ပြောနေသော သဒ္ဓါကြည်ဖြူကို ခပ်စူးစူး တစ်ချက် ကြည့်လိုက်သည်။ သည်မိန်းကလေးကို မြင်မြင်ချင်း သူ့ရင်မှာ ခုန်ခဲ့ရသည်။ သံလိုက်နှင့် ဆွဲညှို့ ယူနေသလို သဒ္ဓါကြည်ဖြူ့ကို မကြည့်ဘဲကို မနေနိုင်။ မြင်မြင်ချင်းကို စွဲလမ်းမိတာ သူ့ကိုယ်သူအံ့ကြမိသည်။

* *

# အခန်း (၃)

အဘော်ကြီးက တရွေ့ရွေ့နှင့်ကမ်းကို ကပ်နေသည်။

“ကဲ . . .သဒ္ဒါ၊ ကျွန်တော့်ကို ဘုရားတွေ လိုက်ပို့ပေးမှာလား၊ တစ်ခါမှမရောက်ဖူးတော့ ကျွန်တော် ဘယ်က ဘယ်ကို သွားရမှန်း မသိဘူးလေ⍰⍰

သူ၏ မြင့်မားသော အရပ်က သဒ္ဒါကြည်ဖြူကို အုပ်မိုးထားသည်။ သဒ္ဒါကြည်ဖြူက မျက်ဝန်း လက်လက်ဖြင့် သူ့ကို မော့ကြည့်သည်။

“သဒ္ဒါက သန်လျင်ကို ကျွမ်းပါတယ် ကိုမင်းခန့်”

“ဟန်ကျလိုက်လေဗျာ”

မင်းခန့်က သွားစွယ်ဖွေးဖွေးတွေ ပေါ်အောင် ပြုံးပြီးသဒ္ဒါကြည်ဖြူကို ကြည့်လိုက်သည်။ ခရီးသည်တွေ ရှင်းမှ သဘော်ပေါ်က သူတို့ဆင်းခဲ့ကြသည်။

“လိုင်းကားနဲ့ပဲ သွားစို့နော် ကိုမင်းခန့်”

“သဒ္ဒါသဘောလေ”

“အရင်ဦးဆုံး ကျိုက်ခေါက်ဘုရားကို ဝင်ဖူးမယ်နော်”

“သဒ္ဒါဦးဆောင်တဲ့နောက်ကို ကျွန်တော်ကလိုက်ရမှာပဲ၊ စိတ်ချမ်းသာသလိုသာလုပ်”

“အဟင်း . . . သဒ္ဒါတို့က ဆရာလုပ်ရမှာကျေနပ်တာနဲ့ အကိုက်ပဲ”

ကလေးဆန်စွာပြောလိုက်သော သဒ္ဒါကြည်ဖြူ၏ စကားကြောင့် မင်းခန့်ပြုံးမိပါသည်။

သန်လျင်မှ လိုင်းကားဖြင့် ကျောက်တံတားနှင့် သန်လျင်ကြားရှိ

ကျိုက်ခေါက်ဘုရားသို့ ဝင်ဖူးကြသည်။

တောင်ကုန်းမြင့်မြင့်ပေါ်တွင် တည်ထားသော ကျိုက်ခေါက်စေတီပေါ်သို့ တတ်ခဲ့ကြသည်။

"စေတီက တော်တော် မြင့်တယ်နော်"

"ဟုတ်တယ် ကိုမင်းခန့် တချို့လူတွေက ပြောကြတယ်၊ ပဲခူးက ရွှေမော်ဓောဘုရားရယ်၊ ရန်ကုန်က ရွှေတိဂုံစေတီတော်ရယ်၊ သန်လျင်က ကျိုက်ခေါက်ဘုရားရယ်၊ တစ်ညီတည်းလို့ ထင်ရတယ်လို့ ပြောကြတယ်"

"ကြည့်ပါဦးဗျာ၊ တောတောင်၊ သစ်ပင်၊ ဝါးပင်တွေနဲ့ စိမ်းစိုပြီး ဘုရားဖူးတွေကြည်နူးစရာ ကောင်းလိုက်တာ"

တောင်စောင်းတွင် ပေါက်နေသော သစ်ပင်စိမ်းစိမ်းများ၊ လေယူရာ ယိမ်းနေသော ဝါးပင် စိမ်းနွဲ့နွဲ့က စေတီတစ်ဝိုက်ကို ပို၍ ဘာသာဆွတ်ပျံ့စေပါသည်။ ဘုရားကိုဝတ်ပြုပြီး စေတီတော်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

ထိုမှ တစ်ဖန် ပါဒကြီး ဘုရားသို့ ဝင်ဖူးကြသည်။ ပါဒကြီးဧကရာဇ်မင်းတို့ တည်ခဲ့သော ဘုရားဖြစ်သည်။ ဘုရား၏ ပရဝုဏ်သည် မကျယ်ဝန်းလှပါ။ ဘုရားတန်ဆောင်းထဲမှာ ဘုရားဖူး အချို့တို့ နံနက်စာ စားနေကြသည်။

"ကိုမင်းခန့် ကျောက်တန်း ရေလယ်ဘုရားကို သွားမယ်နော်"

"သွားတာပေါ့၊ ဒါနဲ့ သဒ္ဒါ ဗိုက်မဆာဘူးလား။ ကျွန်တော် ဆာလာပြီး"

"ဟိုရောက်မှ စားကြတာပေါ့"

ယှဉ်လျှောက်လာရာမှ သဒ္ဒါကြည်ဖြူက မော့ကြည့်ပြီးပြောလိုက်သည်။ ကျောက်တန်းသို့ ရောက်တော့ မြန်မာထမင်းဆိုင် တစ်ဆိုင်သို့ ဝင်ကြသည်။

"ကဲ . . . သဒ္ဒါ ဘာဟင်းကြိုက်သလဲ၊ မှာလေ"

“ရတယ် ကိုမင်းခန့်ကြိုက်တာမှာ”

“အဒေါ် ဘာဟင်းတွေရှိလဲ”

မင်းခန့်က ထမင်းဆိုင်ရှင် မိန်းမကြီးကို လှမ်းမေးသည်။

“ကြက်၊ ဝက်၊ ငါး၊ ပုစွန်၊ ချဉ်ပေါင်ကြော်၊ ငါးပိကြော် ရှိတယ်”

“သဒ္ဓါကြိုက်တာ မှာလေ”

သူ့ကို တမင် ဦးစားပေးနေသော မင်းခန့်ကို သဒ္ဓါကြည်ဖြူ ကြည့်လိုက်သည်။ မျက်နှာချင်း ဆိုင် ထိုင်နေကြသည်မို့ မျက်ဝန်းချင်းကလည်း အလိုလို ဆုံပြီးသား၊ နှစ်ဦးစလုံး၏ ရင်မှာပရမ်းပတာ ခုန်လျက်ရှိသည်။

“ကြက်နဲ့ ပုစွန်မှာလိုက်မယ်နော်၊ ငါးဟင်းကောမှာချင်သေးလား ကိုမင်းခန့်”

အထိန်းအကွပ်မဲ့ ခုန်နေသော နှလုံးသားကို ကြိုးစားထိန်းပြီး သဒ္ဓါကြည်ဖြူက အသံပုံမှန် နှင့် မေးလိုက်သည်။

“ကျွန်တော် ငါးမကြိုက်ဘူး”

“ချဉ်ပေါင်ကြော်ပါ မှာလိုက်မယ်နော်”

သဒ္ဓါကြည်ဖြူက ဆိုင်ရှင်မိန်းမကြီးကို လှမ်းမှာလိုက်သည်။ ဆာဆာနှင့် ထမင်းလက် ဆုံစားကြသည်။ စားနေရင်းမှ မတွေ့ဖူးသော သူစိမ်းယောကျ်ားတစ်ယောက်နှင့် ယခုလို တရင်းတနှီး ထမင်းလက်ဆုံ စားနေသော မေမေများသိလျှင် . . .

အတွေးနှင့်အတူ ပခုံးလေး တွန့်မိလျက်သား ဖြစ်သွားသည်။

မိသဒ္ဓါ ညည်းတော်တော်ရဲတင်းပါလား၊ ညည်းကိုညည်း ဘာထင်နေသလဲ၊ အံ့ပဲ့။ မြင်လိုက် တာနဲ့ ပစ်ပြီးခင်လိုက်ရောလား၊ သူ့အကြောင်း

ဘာသိလို့လဲ၊ လူဆိုးသူခိုးဖြစ်နေ မခက်လားဟု ရင်ဘက်ကို လက်နှင့် ဖိပြီးအံ့သြရှုတ်ချနေမှာ မလွဲပါ။

သဒ္ဓါကြည်ဖြူ မေမေ ဖြစ်သွားမည့် ပုံစံကို မြင်ယောင်ပြီး ပြုံးမိသည်။ သူမကို စေ့ငုံစွာ ကြည်နေသော မင်းခန့်က ထိုအပြုံးကို မြင်လိုက်သည်။

"သဒ္ဓါဘာတွေသဘောကျနေတာလဲ"

ပြုံးနေသော မျက်နှာလေး ချက်ချင်း တည်သလို ဖြစ်သွားသည်။

"ဩော် . . . ဘာမှ မဟုတ်ပါဘူး"

"ထမင်း ထပ်ယူဦးလေ . . . သဒ္ဓါ"

"တော်ပြီ၊ သဒ္ဒါ တစ်ပန်းကန် အမောက်ကြီး စားထားတာ"

စားသောက်ပြီး ထမင်းဆိုင်မှ ထွက်ခဲ့သည်။ သဒ္ဓါဖြင့် ကျောက်တန်း ရေလယ်ဘုရားဆီသို့ ကူးခဲ့သည်။ သဒ္ဓန်ပေါ်သို့ မင်းခန့်က အရင်တက်သည်။ ပြီးတော့ သဒ္ဓါကြည်ဖြူအား လက်ကမ်းပေးသည်။ ကမ်းပေးသောလက်ကို အလိုက်သင့် လှမ်းကိုင်ပြီး သဒ္ဓါကြည်ဖြူ သဒ္ဓါပေါ်သို့ တက်လိုက် သည်။ သမ္ဗာန်က လူးနေပေမယ် မင်းခန့်က တွဲထားသောကြောင့် ဟန်ချက် မပျက်ပါ။

ဘုရားစေတီရင်း ရေစက်မှာ သမ္ဗာန်က ဆိုက်ကပ်သည်။ မင်းခန့်က လက်ကမ်းပေး ပြန်သည်။ သဒ္ဓါကြည်ဖြူက လှမ်းကိုင်သည်။ သဒ္ဓါကြည်ဖြူ၏ လက်လေးကို မင်းခန့်က တင်းတင်း ဆုပ်ကိုင်လိုက်သည်။ သဒ္ဓါကြည်ဖြူ၏ ရွှေရင်သိမ်းသစ်လေး အရမ်းကို ခုန်သွားပြီး ရင်ခုန်သံက ကျယ်လွန်း၍ မင်းခန့်ကြားသွားမှာကို စိုးလှပါသည်။

"ဒီဘုရားက ဆုတောင်းပြည့်တယ်တဲ့ ကိုမင်းခန့်" ဘုရားပေါ်သို့ တတ်ရင်း သဒ္ဓါကြည်ဖြူ က ပြောလိုက်သည်။

"ဟုတ်လား"

ပန်းစည်းလေး ကိုယ်စီကိုင်၍ ဘုရားဝတ်ပြုကြသည်။ မင်းခန့်က အလျင်ဝတ်ပြုပြီး၍ ပါးစပ် လေးပွစိပွစိနှင့် ဆုတောင်းနေသော သဒ္ဒါကြည်ဖြူကို လှည့်ကြည့်နေသည်။

မျက်လွှာချထား၍ မည်းနက် ထူပျစ်နေသော မျက်တောင်လေးတွေက ပါးမိုးမိုးပေါ် ယပ်တောင်လေး ဖြန့်ထားသလိုပင်။ စင်ရော်တောင်လို ထူထူတုတ်တုတ် မျက်ခုံးက နုငယ်ပျိုမြစ်မှုကို ဖော်ပြနေသည်။ နှာတံစင်းစင်းလေးက မျက်ဝန်းနှစ်ခုကြားမှာ အသည်းယားစရာ။ ပန်းသွေးရောင်ရင့်ရင့် ဆိုးထားသော နှုတ်ခမ်းနှစ်လွှာက နှင်းဆီ ပွင့်ချပ်လေးတွေနှင့်တူလှသည်။

ရုတ်တရက် သဒ္ဒါကြည်ဖြူ၏ မျက်ဝန်းလိုက်ကာလေးပွင့်လာသည်။ မင်းခန့်က သူ၏ အကြည့်ကို မလွှဲဖယ်နိုင်ခင်မှာ သဒ္ဒါကြည်ဖြူ၏ အကြည့်ကို ခံလိုက်သည်။ ခိုးထုပ် ခိုးထည်နှင့် မိသလို ရှက်အမ်းအမ်းကြီး ဖြစ်သွားသည် ပြီးမှ . . .

“ပေးလေ”

သဒ္ဒါကြည်ဖြူ၏ လက်မှ ပန်းစည်းလေးကို လှမ်းတောင်းသည်။ သဒ္ဒါကြည်ဖြူကလည်း ပေးလိုက်သည်။ ပန်းစည်းနှစ်ခုကို ပေါင်းပြီး ဘုရားပန်းအိုးမှာ မင်းခန့်က စိုက်လိုက်သည်။

မင်းခန့်၏ လှုပ်ရှားမှုကို မမိုတ်မသုန် သဒ္ဒါကြည်ဖြူက ငေးကြည့်မိသည်။ မင်းခန့်က ပြန်လှည့်အလာ အကြည့်ချင်းဆုံမိသည်။ ကိုယ်စီကိုယ်ငှ ရင်ခုန်သံလေးတွေ ဆူညံသွားသည်။

“သဒ္ဒါ . . .”

“ဟင်း . . .”

မင်းခန့်က သဒ္ဒါကြည်ဖြူ၏ မျက်နှာလေးကို စူးစိုက်ကြည့်ပြီး ခေါ်သည်။

"သဒ္ဒါ ဘာတွေ ဆုတောင်းလဲ"

"အို . . . စုံနေတာပဲ၊ ကိုမင်းခန့်ကော . . ."

မင်းခန့်ကို ပြုံးပြုံးလေးပြန်ကြည့်ပြီး သဒ္ဒါကြည်ဖြူက ပြန်မေးလိုက်သည်။

"ဒီ ဘုရားက ဆုတောင်းပြည့်တယ်လို့ သဒ္ဒါပြောတယ်နော်"

"အင်းလေ"

"ဒါကြောင့် ကျွန်တော်တစ်ခု ဆုတောင်းမိတယ်"

"ဟုတ်လား"

"ဒီနေ့ ကျွန်တော် ရင်ထဲမှာ ထူးခြားတဲ့ ခံစားမှုတစ်ခုဖြစ်လာတယ်၊ ဒီခံစားမှုနဲ့ ဆက်နွယ် လာတဲ့ ဆန္ဒတွေ ပြည့်ဝပါရစေလို့ ဆုတောင်းလိုက်တယ်"

မင်းခန့်က သဒ္ဒါကြည်ဖြူ၏ မျက်နှာလှလှလေးကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။ သူဘာကို ရည်ရွယ်ပြီး ပြောမှန်း သဒ္ဒါကြည်ဖြူမသိပါ။ သို့သော် သူမ၏ အသည်းနှလုံးလေး ဖျက်ဖျက်ခါအောင် လှုပ်ရှားသွားပါသည်။

"လာ . . . ကိုမင်းခန့်၊ ငါးကြီးတွေကို အစာ သွားကျွေးရအောင်"

ဘုရားရင်ပြင်မှ ဆင်းခဲ့သည်။ ပေါက်ပေါက် ဆုပ်များကို နှီးဖြင့် တွဲထားသော ပေါက်ပေါက်ဆုပ်များကို ဝယ်ခဲ့ကြသည်။ ဂဝံကျောက်များ မညီမညာရှိသော ဆင်ခြေလျှောမှ ဆင်းခဲ့ သည်။ ဘုရား၏ ခြေတော်ရင်း ရေစပ်တွင် ဂဝံကျောက်တုံးပေါ် ရပ်ပြီး ရေထဲသို့ ပေါက်ပေါက် ဆုပ်များကို ပစ်ချသည်။ ကြီးမားသော ခေါင်းမည်းမည်းနှင့် ငါးကြီးများ အလုအယက် လာစားကြ သည်။

"ဟာ . . . ငါးကြီးတွေက ကြီးလိုက်တာနော်"

“ဟုတ်တယ် . . . ဒါ ဘုရားငါးတွေက ဘုရားကို လာဖူးကြတာ”

“လူတွေနဲ့ ယဉ်တယ်နော်”

“လူတွေကလည်း သူတို့ကို ဘာမှ မလုပ်ဘူး၊ သူတို့ကလဲ ဘာမှ အန္တရာယ် မပေးကြဘူးလေ”

သဒ္ဒါကြည်ဖြူ၏ အဝတ်အစားတွေနှင့် ဆံပင်တွေကို လေကြမ်းကြမ်းက တိုးနေ၍ လွန့်လူးနေသည်။ မျက်နှာပေါ်သို့ လွင့်ကျလာသော ဆံစများကို သဒ္ဒါကြည်ဖြူက အသာလေးပင့် တင်လိုက်သည်။ မင်းခန့်က သဒ္ဒါကြည်ဖြူ၏ လှုပ်ရှားဟန်လေးတွေကို တစိမ့်စိမ့်ကြည့်နေမိသည်။ အကြည့်ရဲလွန်းသော သူ့အဖြစ်ကို သတိနှင့်ပြန်ထိန်းလိုက်သည်။ သက်ပြင်း ဖွေ့ဖွေ့ကို ချလိုက် သည်။ သဒ္ဒါကြည်ဖြူသည်လည်း ရဲတင်းလွန်းသော မိမိ အမူအရာကို အသိပြုမိသည်။ အခုမြင် အခု လူတစ်ယောက်ကို သဒ္ဒါကြည်ဖြူ အရောမဝင်တတ်ပါ။ အထူးသဖြင့် ယောကျ်ားလေးတွေကိုပေါ့။ ယခုတော့ မင်းခန့်ကို မြင်မြင်ချင်း ခင်မိသည် ရောမိသည်။ သည်နေ့မှ ဆုံးဖူးပေမယ့် ယခင်ကတည်းက ခင်ခဲ့သော သူတစ်ယောက်လို ပွင့်ပွင့်လင်းလင်းဆက်ဆံမိသည်။

ငါ့ အပြုအမူက မြန်မာမိန်းကလေးတွေရဲ့ သိက္ခာနဲ့ ဆန့်ကျင်နေပြီလား။

မိမိကို မိမိပြန်လည်ဆန်းစစ်မိသည်။

သူမ မြန်မာ့ယဉ်ကျေးမှုကို ဖီဆန်နေသူလည်း မဟုတ်ပါ။ ဣန္ဒြေသိက္ခာမဲ့နေသော မိန်းကလေးလည်း မဟုတ်ပါ။ ဒါပေမယ့် မင်းခန့်ကို မြင်မြင်ချင်း ခင်မိပါသည်။ လိုက်လျောစွာ ဆက်ဆံမိပါသည်။ သူမ၏ ရင်ထဲမှ ဖြစ်ပေါ်လာသော ခင်မင်မှုကို အပြစ်ဆိုကြဦးမလား။ ဆိုချင်လည်း ဆိုကြပါ။ မင်းခန့်ကို ခင်မင်မိသော စိတ်ကို ဘယ်လိုမှ မတားဆီးနိုင်လို့ပါလို့ ဝန်ခံရမှာပဲ။

အပြန်လမ်းခရီးမှာ သဒ္ဒါကြည်ဖြူ နှုတ်ဆိတ်လှသည်။ သင်္ဘောဘေးမှ လှိုင်းလေးတွေနှင့် ဂယက်ရိုက်နေသော ရေပြင်ကို လှိုင်းရေပြင်မှာ သင်္ဘောဦး၏

ဖြူခွင်းမှုကြောင့် လှိုင်ဂယက် ကြီးကြီး တွေ ထန်သွားစေသည်။ သည့်လိုပါပဲ သဒ္ဓါကြည်ဖြူ၏ တည်ငြိမ်နေသော သည်းနုလွင်ပြင် မှာ မင်းခန့်ကြောင့် လှိုင်းလေးတွေ ဖြစ်ပေါ်လာနေပါပြီ။

နှစ်ဆယ့်လေးနာရီမပြည့်သေး။ တွေ့ဆုံမိသည့် သူအပေါ် ဘာလို့များသံယောဇဉ်တွေ ငြိတွယ်နေပါလိမ့်။

"ငေးလှချည်လား သဒ္ဓါကြည်ဖြူ"

မြစ်ရေပြင်ကို သဒ္ဓါကြည်ဖြူ ငေးနေသလို၊ သဒ္ဓါကြည်ဖြူ၏ ခံစားချက်မှု အမျိုးမျိုးပြောင်း နေသော မျက်နှာလေးကို မင်းခန့်က ငေးကြည့်နေမိသည်။

မင်းခန့်က သဒ္ဓါကြည်ဖြူကို စူးစိုက်ကြည့်နေသည်။ သူ့အကြည့်တွေက သဒ္ဓါကြည်ဖြူ၏ ကိုယ်လေးကို ထိုးဖောက်နိုင်သလို ခံစားမိသည်။ သဒ္ဓါကြည်ဖြူ၏ ရင်ထဲမှာ သွေးခုန်နှုန်းတွေ အရမ်းတိုးနေပါသည်။

"သဒ္ဓါ"

"ရှင်"

မင်းခန့်၏ အခေါ်ကို မျက်ခုံးလေးပင့်ပြီး သဒ္ဓါကြည်ဖြူက ထူးလိုက်သည်။

"သဒ္ဓါကို ကျွန်တော် မိတ်ဆွေတစ်ယောက်လိုခင်ပါရစေ"

"ဟာ . . . ဟ၊ ကိုမင်းခန့်က ရယ်စရာကောင်းလိုက်တာ"

မင်းခန့်ကို ကြည့်ပြီးသဒ္ဓါကြည်ဖြူက ရယ်သွမ်းသွေးသည်။ မျက်လုံးနက်နက်ကလေးမှာပါ အရယ်တွေ စွက်နေသည်။

"သဒ္ဓါက ဟားတယ်ပေါ့"

"ကိုမင်းခန့်နဲ့ တစ်နေ့လုံးဘုရားတွေ လျှောက်ဖူးတာခင်လို့ပေါ့၊

မေးနေစရာ လိုသေးသလား”

“ဒါတော့ ဒါပေ့ါလေ”

“အစကတည်းက ခင်မင်ရင် သဒ္ဒါတို့က လှည့်တောင်ကြည့်တဲ့အစား မဟုတ်ဘူး သိလား”

“ဟား . . . ခုလိုကြားရတာ ကျွန်တော်ဝမ်းသာလိုက်တာ သဒ္ဒါရယ်”

အပြုံးကိုယ်စီနှင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။ နှလုံးစလုံး၏ ရင်မှာ အတိုင်း မသိအောင် ခုန်သွားသည်။

“သဒ္ဒါနဲ့တွေ့ရတာ ဆယ်ရက်လောက် နောက်ကျသွားတယ်ကွာ”

“ဟင် . . . ဘာလို့”

အံ့အားသင့်သော မျက်နှာလေးနှင့် သဒ္ဒါကြည်ဖြူက မင်းခန့်ကို ကြည့်သည်။

“မနက်ဖြန် ကျွန်တော် မန္တလေးကို ပြန်ရတော့မယ်”

“ဩော် . . . ကိုမင်းခန့်က မန္တလေးကကိုး . . .”

“သဒ္ဒါရဲ့ လိပ်စာလေး ပေးပါလား၊ နောက်တစ်ခေါက်ရန်ကုန်လာရင် လာလည်ဖို့၊ ဒါမှမဟုတ် စာရေးချင်ရအောင်လို့လေ”

`ဒီမှာ သဒ္ဒါရဲ့လိပ်စာ

ပိုက်ဆံအိပ်ထဲမှ လိပ်စာကဒ်ပြားလေးကို သဒ္ဒါကြည်ဖြူက ထုတ်ပေးလိုက်သည်။

`ကျေးဇူး

မင်းခန့်က ကဒ်ပြားလေးကို လှမ်းယူရင်း သဒ္ဒါကြည်ဖြူကို ရွှန်းရွှန်းစားစားကြီး ကြည့်ပစ်လိုက်သည်။ ပါးမို့မို့လေးနီရဲသွားအောင်ရှက်သွားသူက

သဒ္ဓါကြည်ဖြူ။

ဆိပ်ကမ်းသို့ သီတာသဘာက် ကပ်လေပြီ။ ခရီးသည်များ အလျှိုလျှို သဘော်ပေါ် ကဆင်းကြသည်။ သဒ္ဓါကြည်ဖြူနှင့် မင်းခန့်ဖြည်းညင်းစွာဆင်းခဲ့သည်။ ဆိပ်ခံဘောတံတားမှ ယှဉ်၍ လျှောက်ခဲ့သည်။ နှစ်ဦးစလုံး နှုတ်ဆိတ်နေသည်။ ခွဲခွာရတော့မှာမို့ ရင်ထဲတွင်မချမ်းမြေ့လှပါ။ တစ်နေ့တာလေးတွေ့ဆုံခဲ့ရသော မင်းခန့်ကို သဒ္ဓါကြည်ဖြူ ခွဲခွာရမှာဝန်လေးသလို ပျော်ရွှင်ခဲ့သော စိတ်ကလေးတွေ ပျောက်ဆုံးသွားရသည်။

သူငယ်ချင်းတွေ သိလျှင်သဒ္ဓါကို ဘယ်လောက်လှောင်လိုက်မလဲလို့ တွေးပြီးရှက်များတောင်ရှက်မိပါသည်။

`ကဲ... သွားမယ်နော် ကိုမင်းခန့်'

အငှားလေးဘီးတစ်စီးကို လှမ်းတားရင်း သဒ္ဓါကြည်ဖြူက နှုတ်ဆက်လိုက်ပါသည်။

`သဒ္ဓါနဲ့ကျွန်တော် ပြန်ဆုံချင်တယ်ဆိုတာ ယုံပါနော်'

`ဟုတ်...'

`အခြေအနေပေးတာနဲ့ ကျွန်တော်ရန်ကုန်ကိုလာခဲ့မယ်ဆိုတာ သေသေချာချာ မှတ်ထား လိုက်ပါ၊ သွားမယ် သဒ္ဓါ'

သဒ္ဓါကြည်ဖြူကားပေါ်သို့အတက် သူကနှုတ်ဆက်ပြီးထွက်ခွာသွားသည်။ ကျောခိုင်းသွားသော သူ့၏ နောက်ကျောပြင်ကို ကြည့်ရင်း သဒ္ဓါကြည်ဖြူ၏ ရင်ထဲတွင် လွမ်းသလိုဆွေးသလို ကြီးဖြစ်၍ ကျန်ခဲ့သည်။

* *